# စစ်ကောင်စီ ထောက်ခံသူများ၏ FACEBOOK တွင် ရေးသားနေသည့် ဝါဒဖြန့်မှုများအား စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ (အောက်တိုဘာလ)



Photo Credit- ABC News: Graphic by Jarrod Fankhauser

# မာတိကာ

**၁။ နိဒါန်း** ........ **2**

**၂။ စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ** ........ **2**

၂.၁။ အဓိပ္ပါယ်ဖွင့် ဆိုချက် နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ် ........ 2

၂.၂ ။ လေ့လာမှု ပြုလုပ်သည့် အကြောင်းအရာများနှင့် ဦးတည်အုပ်စုများ ........ 3

၂.၃။ လေ့လာမှု ပြုလုပ်ခဲ့သည့် FACEBOOK GROUP များကို ရွေးချယ်ခြင်း ........ 4

၂.၄။ ကန့်သတ်ချက် ........ 4

**၃။ လေ့လာတွေ့ရှိချက်များ** ........ **5**

၃.၁။ ဝါဒဖြန့်သည့် ပုံစံသုံးမျိုးကို FACEBOOK GROUP ၄ ခုတွင် တွေ့မြင်ရသည့် အခြေအနေများ ........ 5

၃.၂။ ဝါဒဖြန့်သည့် ပိုစ့်များတွင် တွေ့မြင်ရသည့် အကြောင်းအရာများ ........ 6

၃.၃။ ဝါဒဖြန့်သည့် ပိုစ့်များတွင် ဦးတည် ပြောဆိုနေသည့် အုပ်စုများ ........ 8

၃.၄။ ဦးတည် အုပ်စုတစ်ခုချင်းစီနှင့် ပတ်သက်၍ ညွှန်းဆိုနေသည့် သဘောထား လက္ခဏာများ ........ 10

၃.၅။ စစ်ကောင်စီ၏ ဝါဒဖြန့်မှု အပေါ်တွင် တုံ့ပြန်မှု အခြေအနေများ ........ 12

**၄။ နိဂုံးချုပ်** ........ **13**

## ၁။ နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အရပ်သား ရွေးကောက်ခံ အစိုးရ ဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဆောင်သည့် အရပ်သား အစိုးရ ခေါင်းဆောင်များကို ဖမ်းဆီးခဲ့ပြီး စစ်တပ် မှ အာဏာသိမ်းလိုက်ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အကူးအပြောင်း လုပ်ငန်းစဉ်များအား ရပ်တန့် သွားစေခဲ့သည်။ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုများ ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် စစ်တပ်မှ အာဏာသိမ်းခဲ့ခြင်း ဖြစ်သည်။ ထို့နောက် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လှုပ်ရှားမှုများ ပေါ်ပေါက်လာပြီး အစိုးရဝန်ထမ်းများ၏ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုမှာ စစ်ခေါင်းဆောင်များကို အထိနာစေသည့် လှုပ်ရှားမှု တစ်ခု ဖြစ်ခဲ့သည်။ စစ်အာဏာပိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက် လုပ်ရပ်ကြောင့် စစ်တပ်မှ စွန့်ခွာလာသည့် တပ်မတော်သားများ တဖြည်းဖြည်း များပြားလာခဲ့သည်။ ၎င်းတပ်မတော်သားများ၏ မီဒီယာများတွင် ထုတ်ဖော် ပြောဆိုသည့် တပ်တွင်း အခြေအနေများကို လေ့လာခြင်းဖြင့် စစ်ကောင်စီသည် တပ်မတော်သားများအား ရည်ရွယ်သည့် ဝါဒဖြန့်မှုများကို စနစ်တကျ လုပ်ဆောင်နေကြောင်း သိရှိရသည်။ ထို့ကြောင့် စစ်ကောင်စီ၏ တပ်မတော်သားများကို ဦးတည်ပြုလုပ်သည့် ဝါဒဖြန့်မှုများတွင် မညှိသည့် အကြောင်းအရာများ ပါဝင်နေသည်ကို တပ်မတော်သားများ အပါအဝင် အများပြည်သူ သိရှိနိုင်စေရန် ရည်ရွယ်၍ ဤအစီရင်ခံစာကို ထုတ်ဝေခြင်း ဖြစ်သည်။

## ၂။ စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ

### ၂.၁။ အဓိပ္ပါယ်ဖွင့် ဆိုချက် နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ်

ဝါဒဖြန့်ခြင်း ဆိုသည်မှာ သတင်းအချက်အလက်များ၊ ငြင်းခုံမှုများ၊ ကောလဟာလများ၊ တဝက်တပျက် အမှန်တရား သို့မဟုတ် လိမ်ညာမှုများကို အသုံးပြုပြီး အများပြည်သူများ၏ သဘောထား အမြင်များကို လွှမ်းမိုးနိုင်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။ ဝါဒဖြန့်ခြင်းကို အခြေခံအားဖြင့် ၃ မျိုးခွဲခြားနိုင်သည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

**(၁) အဖြူရောင်ဝါဒဖြန့်ခြင်း** - အဖြူရောင် ဝါဒဖြန့်ခြင်း ဆိုသည်မှာ ခိုင်မာသည့် သတင်းရင်းမြစ်များမှ လာသည့် အမှန်တရားနှင့် အထိုက်အလျောက် နီးစပ်သည့် သတင်းအချက်အလက်များဖြစ်သော်လည်း ယင်းကို အသုံးပြုပြီး အများပြည်သူများ၏ သဘောထား အမြင်များကို လွှမ်းမိုးနိုင်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

**(၂) မီးခိုးရောင်ဝါဒဖြန့်ခြင်း** - မီးခိုးရောင် ဝါဒဖြန့်ခြင်းသည် အဖြူရောင် ဝါဒဖြန့်ခြင်း နှင့် အနက်ရောင် ဝါဒဖြန့်ခြင်း နှစ်ခု ကြားရှိဝါဒဖြန့်မှု ပုံစံတစ်မျိုး ဖြစ်သည်။ သတင်း အချက်အလက် ရင်းမြစ်ကို တိကျစွာ ဖော်ထုတ်နိုင်ခြင်း သို့မဟုတ် မဖော်ထုတ်နိုင်ခြင်းနှင့် သက်ဆိုင်သည်။ ထို့အပြင် သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှုသည်လည်း မသေချာပါ။

**(၃) အနက်ရောင်ဝါဒဖြန့်ခြင်း** - အနက်ရောင် ဝါဒဖြန့်ခြင်းသည် မှားယွင်းသည့် အချက်အလက် အရင်းအမြစ်များ၊ လုပ်ကြံဖန်တီးမှုများ၊ လှည့်စားထားသည့် သတင်း အချက်အလက်များကို အသုံးပြုပြီး ဝါဒဖြန့်ခြင်း ဖြစ်သည်။

## ၂.၂ ။ လေ့လာမှု ပြုလုပ်သည့် အကြောင်းအရာများနှင့် ဦးတည်အုပ်စုများ

| အကြောင်းအရာ | ဦးတည်အုပ်စု |
|---|---|
| ဘာသာရေး | [illegible] |
| လူမျိုးရေး | အမျိုးသား ညီညွတ်ရေး အစိုးရ |
| စစ်တပ်နှင့်သက်ဆိုင်သည့် အကြောင်းအရာများ | စစ်ကောင်စီ |
| နိုင်ငံတကာအခြေအနေနှင့် ဆက်နွယ်မှုများ | အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ |
| လက်နက်ကိုင်တိုက်ပွဲ ဖြစ်ပွားမှုများ | အပစ်အခတ်ရပ်စဲမထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ |
| လုပ်ကြံသတ်ဖြတ်မှုများ | တပ်မတော် |
| [illegible] | [illegible] |
| [illegible] | အမျိုးသား ညီညွတ်ရေး အစိုးရကို ထောက်ခံသူများ |
| အခြား | ပြည်သူများ |
| | အကြမ်းမဖက်သော ဆန္ဒပြ လှုပ်ရှားမှုတွင် ပါဝင်သည့် အဖွဲ့များ |
| | အသစ်ပေါ်ပေါက်လာသည့် လက်နက်ကိုင်အင်အားစုများ |
| | တိုင်းရင်းသားနိုင်ငံရေးပါတီများ |
| | နိုင်ငံရေးပါတီများ/ နိုင်ငံရေးသမားများ |
| | နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ |
| | ယခင်အစိုးရ (၂၀၁၆ - ၂၀၂၁) |
| | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| | အခြား |
| | |

**ဇယား (၁)**

## ၂.၃။ လေ့လာမှု ပြုလုပ်ခဲ့သည့် Facebook Group များကို ရွေးချယ်ခြင်း

စောင့်ကြည့်လေ့လာမှု ပြုလုပ်ရန် ဝါဒဖြန့်ချီရေးကို နေ့စဥ် စဥ်ဆက်မပြတ် လုပ်ဆောင်နေသည့် အဖွဲ့ဝင် ၄၀၀၀ အထက်ရှိသော စစ်ကောင်စီကို ထောက်ခံ အားပေးသည့် Facebook Group ၄ ခုကို ရွေးချယ်၍ စောင့်ကြည့် လေ့လာခဲ့ပါသည်။

အုပ်စုနံပါတ် (၁) မှာ Private Group ဖြစ်ပြီး အုပ်စုနံပါတ် (၂ )၊ အုပ်စုနံပါတ် (၃ ) နှင့် အုပ်စုနံပါတ် (၄) တို့မှာ Public Group များ ဖြစ်သည်။


## ၂.၄။ ကန့်သတ်ချက်

စစ်ကောင်စီကို ထောက်ခံအားပေးသည့် Facebook Group များထဲမှ အဖွဲ့ အနည်းငယ်ကိုသာ လေ့လာနိုင်ပြီး စစ်ကောင်စီ၏ ဝါဒဖြန့်မှု ပုံသဏ္ဍာန်တစ်စုံလုံးကို ပုံဖော် မှန်းဆနိုင်ရန် လိုအပ်ချက်များ ရှိနေသည့်အတွက် စစ်ကောင်စီ၏ ဝါဒဖြန့် အဖွဲ့များစွာကို လေ့လာစောင့်ကြည့်ရန် လိုအပ်ပါသည်။

## ၃။ လေ့လာတွေ့ရှိချက်များ

စစ်ကောင်စီနှင့် တပ်မတော် ထောက်ခံသူများ စုစည်းထားသည့် Facebook Group များ အတွင်းရှိ ရေးသား တင်ပြထားသည့်ပို့စ့် အရေအတွက် ၄၈၂ ခုကို လေ့လာစောင့်ကြည့်မှု ပြုလုပ်ခဲ့သည်။ အဆိုပါ ပို့စ့်များနှင့် ပတ်သက်၍ ထိတွေ့ တုံ့ပြန်မှု အရေအတွက် ၈၅၄၁ ခု ရှိခဲ့ပြီး မျှဝေသူ ၅၄၄ ဦးနှင့် မှတ်ချက် ရေးသားသူ ၆၄၇ ဦး ရှိခဲ့သည်ကို တွေ့ရသည်။

### ၃.၁။ ဝါဒဖြန့်သည့် ပုံစံသုံးမျိုးကို Facebook Group ၄ ခုတွင် တွေ့မြင်ရသည့် အခြေအနေများ




ဂရပ် (၁)


**အုပ်စု နံပါတ် ၁** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၁၈၀ ကြိမ်ရှိပြီး၊ အဖြူရောင်ဝါဒဖြန့်ခြင်း ၃ ကြိမ်နှင့် အနက်ရောင်ဝါဒဖြန့်ခြင်း ၂ ကြိမ် ရှိခဲ့သည်။

**အုပ်စု နံပါတ် ၂** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၁၂၁ ကြိမ်ရှိပြီး အဖြူရောင်ဝါဒဖြန့်ခြင်း ၁၁ ကြိမ်နှင့် အနက်ရောင်ဝါဒဖြန့်ခြင်း ၁ ကြိမ် ရှိခဲ့သည်။

**အုပ်စုနံပါတ် ၃** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၉၄ ကြိမ်ရှိပြီး အနက်ရောင် ဝါဒဖြန့်ခြင်း ၆ ကြိမ် ရှိခဲ့သည်။

**အုပ်စု နံပါတ် ၄** တွင် မီးခိုးရောင် ဝါဒဖြန့်ခြင်း ၅၆ ကြိမ် ရှိပြီး၊ အဖြူရောင်ဝါဒဖြန့်ခြင်း ၆ ကြိမ်နှင့် အနက်ရောင်ဝါဒဖြန့်ခြင်း ၂ ကြိမ် ရှိခဲ့သည်။

## ၃.၂။ ဝါဒဖြန့်သည့် ပိုစ့်များတွင် တွေ့မြင်ရသည့် အကြောင်းအရာများ




ဂရပ် (၂)

စစ်ကောင်စီ လော်ဘီများနှင့် စစ်တပ်ထောက်ခံသူများ၏ ဝါဒဖြန့် ရေးသားသည့် ပို့စ်များထဲတွင် အများဆုံး တွေ့ရှိရသည့် အကြောင်းအရာမှာ သတင်းပေးခြင်း ဖြစ်ပြီး ၃၂ ရာခိုင်နှုန်းထိ ရှိသည်။ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဝေဖန်တိုက်ခိုက်ခြင်း ၂၃ ရာခိုင်နှုန်း၊ လူမျိုးရေးနှင့် ပတ်သက်သည့် အကြောင်းအရာ ၁၆ ရာခိုင်နှုန်းနှင့် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာ ၁၈ ရာခိုင်နှုန်း ရှိသည်ကို တွေ့မြင်ရသည်။

သတင်းပေးသည့် ဖြစ်စဉ်များတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲ ဖြစ်ပွားနေသည့် ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသား တော်လှန်ရေး အင်အားစုများ၏ စစ်ရေး လှုပ်ရှားမှုများ၊ အမျိုးသား ညီညွတ်ရေး အစိုးရ ကို ထောက်ခံသူများအား ဖမ်းဆီးရန် သတင်းပေးခြင်းများကို တွေ့ရသည်။




ပုံ (၁)

စစ်တင်ဘာလ ၃၀ ရက်နေ့၌ ဘုတလင်မြို့နယ်တွင် စစ်ကောင်စီ စစ်ကြောင်း တစ်ကြောင်းအား တော်လှန်ရေး တပ်ဖွဲ့များမှ တိုက်ခိုက်ခဲ့ပြီး ဗိုလ်ကြီး ၂ ဦးအပါအဝင် စစ်သုံ့ပန်း ၄၃ ဦး ဖမ်းဆီးရမိပြီး စစ်သုံ့ပန်း ဥပဒေနှင့် အညီ ထိန်းသိမ်းထားသည်ဟု အမျိုးသား ညီညွတ်ရေး အစိုးရက ထုတ်ပြန်ခဲ့သည်။ စစ်ကောင်စီ ဘက်တော်သားများ၏ ဝါဒဖြန့်မှုများတွင် လက်နက်ချခဲ့သည့် စစ်ကောင်စီ တပ်ဖွဲ့ဝင်များကို ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့သည်ဟု ဝါဒဖြန့်ခဲ့ပြီး လက်နက်ချခဲ့သည့် တပ်ဖွဲ့ဝင်များအား အဆိုးမြင် သဘောထားဖြင့် နှိမ့်ချပြောဆိုမှုများ ပြုလုပ်ခဲ့သည်။ ပြင်းထန်သည့် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ရန်၊ လက်တုန့်ပြန်သည့် စစ်ရေးတိုက်ခိုက်မှုများ ပြုလုပ်ရန်၊ ဘုတလင်မြို့နယ်အတွင်း ရှိ တော်လှန်ရေး တပ်ဖွဲ့များကို ထောက်ခံသည့် အရပ်သား ပြည်သူများမှလည်း စစ်သုံ့ပန်းများကို သတ်ဖြတ်မှုများတွင် ပါဝင်သဖြင့် တိုက်ခိုက်ရန် ရေးသား ဝါဒဖြန့်ခဲ့သည်။

အောက်တိုဘာလ ၁၇ ရက်နေ့တွင် ဘုတလင်မြို့နယ်၊ စီပါရွာကို စစ်ကောင်စီတပ်မှ ဝင်ရောက်စီးနင်းခဲ့ပြီး ဒေသခံပြည်သူ ၆ ဦးအား ခန္ဓာကိုယ် အစိတ်အပိုင်းများကို ဖြတ်တောက်ကာ ရက်စက်စွာ သတ်ဖြတ်ခဲ့သည်။ အရပ်သား ပြည်သူများကိုပါ တိုက်ခိုက်ရန်၊ လက်တုန့်ပြန်ရန် ရေးသားခဲ့သည့် စစ်ကောင်စီ ဝါဒဖြန့်သူများက အဆိုပါ လုပ်ရပ်များကို ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့များမှ ပြုလုပ်ခဲ့သည့် လုပ်ရပ်များဖြစ်ကြောင်း မမှန်ကန်သည့် အချက် အလက်များဖြင့် ဝါဒဖြန့်ခဲ့သည်။

## ၃.၃။ ဝါဒဖြန့်သည့် ပိုစ့်များတွင် ဦးတည် ပြောဆိုနေသည့် အုပ်စုများ




ဂရပ် (၃)


အောက်တိုဘာလအတွင်း ဝါဒဖြန့်သည့် ပိုစ့်များ ရေးသားရာတွင် အန်စီအေစာချုပ်ကို လက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များနှင့် ပတ်သက်၍ ၁၈ ရာခိုင်နှုန်း၊ တပ်မတော်နှင့် ပတ်သက်၍ ၁၄ ရာခိုင်နှုန်း၊ စစ်ကောင်စီနှင့် ပတ်သက်၍ ၁၅ ရာခိုင်နှုန်း၊ စစ်ကောင်စီကို ထောက်ခံသူများနှင့် ပတ်သက်၍ ၁၃ ရာခိုင်နှုန်း ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များနှင့် ပတ်သက်၍ ၁၂ ရာခိုင်နှုန်းနှင့် ပြည်သူများနှင့် ပတ်သက်၍ ၁၂ ရာခိုင်နှုန်း အသီးသီး ရှိခဲ့သည်ကို တွေ့ရသည်။




ပုံ (၂)

အောက်တိုဘာလ အတွင်းတွင် စစ်ကောင်စီနှင့် ပတ်သက်သည့် ရေးသားမှု ၁၅ ရာခိုင်နှုန်း ရှိခဲ့သည်။ စစ်ကောင်စီ အဖွဲ့ဝင်များ၊ စစ်ကောင်စီ ဝန်ကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်ကောင်စီ အဖွဲ့ဝင်များ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ၊ နိုင်ငံတကာ အစည်းအဝေး တက်ရောက်မှုများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ သံတမာန်များနှင့် တွေ့ဆုံမှုများကို ရေးသားမှုများ မြင့်တက်လာခဲ့သည်။ ထို့အပြင် စစ်ကောင်စီ၏ သန်းခေါင် စာရင်း ကောက်ယူမှု အခြေအနေများနှင့် ပတ်သက်သည့် ရေးသားမှုများကို တွေ့ရသည်။ စစ်ကောင်စီ ဝါဒဖြန့်သူများမှ စစ်ကောင်စီ အနေဖြင့် နိုင်ငံတကာမှ တရားဝင်မှု ရရှိနေကြောင်း ပုံဖော်ရေးသား ဝါဒဖြန့်ခဲ့သည်။


## ၃.၄။ ဦးတည် အုပ်စုတစ်ခုချင်းစီနှင့် ပတ်သက်၍ ညွှန်းဆိုနေသည့် သဘောထား လက္ခဏာများ




ဂရပ် (၄)

လေ့လာတွေ့ရှိချက်များ အရ စစ်ကောင်စီ၏ ဝါဒဖြန့်မှုများတွင် အမျိုးသား ညီညွတ်ရေး အစိုးရ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ၊ အမျိုးသား ညီညွတ်ရေး အစိုးရကို အားပေးထောက်ခံသူများ၊ အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများ ၊ ဆန္ဒပြပြည်သူများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊ ယခင် အစိုးရအဖွဲ့ (၂၀၁၆-၂၀၂၀) ၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များကို ကူညီပံ့ပိုးနေသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များအား ပုံဖျက်တိုက်ခိုက်ရန် မှားယွင်းသည့် သတင်း အချက်အလက်များ၊ အမှန်တဝက် အမှားတဝက် ရောနှောထားသည့် သတင်းများကို အသုံးပြုပြီး စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် ထောက်ခံသူများ အကြားတွင် စနစ်တကျ ဝါဒဖြန့်ခဲ့သည်။


အောက်တိုဘာလ အတွင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံသူများနှင့် အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက် ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ ယင်းတို့အနက် ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)၊ မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်(MNDAA)၊ တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)နှင့် ရက္ခိုင့်တပ်တော် (AA) တို့ကို တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။




ပုံ (၃)

ယခင်လများက ကဲ့သို့ပင် စစ်ရေး ရှုံးနိမ့်မှုများကို ဖုံးကွယ်ရန်နှင့် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ၊ ထောက်ခံသူများ စိတ်ဓာတ်တက်ကြွစေရန် တော်လှန်ရေး တပ်ဖွဲ့များ၏ ခေါင်းဆောင်များကို ထိခိုက်ကျဆုံးကြောင်း၊ လေကြောင်း တိုက်ခိုက်မှုများအတွင်း တော်လှန်ရေး တပ်ဖွဲ့ဝင်များ အင်အား ရာနှင့်ချီ ထိခိုက်ကျဆုံးမှု များပြားကြောင်း ခိုင်မာမှု မရှိသည့် အချက်အလက်များဖြင့် ရေးသားမှုများကို အများဆုံးတွေ့ရသည်။

## ၃.၅။ စစ်ကောင်စီ၏ ဝါဒဖြန့်မှု အပေါ်တွင် တုံ့ပြန်မှု အခြေအနေများ




ဂရပ် (၅)

စောင့်ကြည့်လေ့လာမှု ပြုလုပ်သည့် Facebook Group များတွင် တွေ့ရှိရသည့် ဇွန်လမှ အောက်တိုဘာလ အတွင်း တွေ့ရသည့် ထိတွေ့တုန့်ပြန်မှု အခြေအနေများ ဖြစ်ပြီး အောက်တိုဘာလတွင် စစ်ကောင်စီ၏ ဘက်တော်သားများ၏ ဝါဒဖြန့်မှု များအား စိတ်ဝင်စားမှု မြင့်တက်ခဲ့သည်ကို တွေ့ရသည်။

## ၄။ နိဂုံးချုပ်

အောက်တိုဘာလအတွင်းတွင် မီးခိုးရောင် ဝါဒဖြန့်မှုကို အများဆုံး တွေ့ရသည်။ သတင်းပေးခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ဝေဖန် တိုက်ခိုက်ခြင်းနှင့် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို အများဆုံး ရေးသားခဲ့သည်ကို တွေ့ရှိရသည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံ သူများနှင့် အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက် ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ ယင်းတို့အနက် ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)၊ မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်(MNDAA)၊ တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)နှင့် ရက္ခိုင့်တပ်တော် (AA) တို့ကို တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

စက်တင်ဘာလ ၃၀ ရက်နေ့၌ ဘုတလင်မြို့နယ်တွင် စစ်ကောင်စီ စစ်ကြောင်း တစ်ကြောင်းအား တော်လှန်ရေး တပ်ဖွဲ့များမှ တိုက်ခိုက်ခဲ့ပြီး ဗိုလ်ကြီး ၂ ဦးအပါအဝင် စစ်သုံ့ပန်း ၄၃ ဦး ဖမ်းဆီးရမိပြီး စစ်သုံ့ပန်း ဥပဒေနှင့် အညီ ထိန်းသိမ်းထားသည်ဟု အမျိုးသား ညီညွတ်ရေး အစိုးရက ထုတ်ပြန်ခဲ့သည်။ စစ်ကောင်စီ ဘက်တော်သားများ၏ ဝါဒဖြန့်မှုများတွင် လက်နက်ချခဲ့သည့် စစ်ကောင်စီ တပ်ဖွဲ့ဝင်များကို ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့သည်ဟု ဝါဒဖြန့်ခဲ့ပြီး လက်နက်ချခဲ့သည့် တပ်ဖွဲ့ဝင်များအား အဆိုးမြင် သဘောထားဖြင့် နှိမ့်ချပြောဆိုမှုများ ပြုလုပ်ခဲ့သည်။ ပြင်းထန်သည့် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ရန်၊ လက်တုန့်ပြန်သည့် စစ်ရေးတိုက်ခိုက်မှုများ ပြုလုပ်ရန်၊ ဘုတလင်မြို့နယ်အတွင်း ရှိ တော်လှန်ရေး တပ်ဖွဲ့များကို ထောက်ခံသည့် အရပ်သား ပြည်သူများမှလည်း စစ်သုံ့ပန်းများကို သတ်ဖြတ်မှုများတွင် ပါဝင်သဖြင့် တိုက်ခိုက်ရန် ရေးသား ဝါဒဖြန့်ခဲ့သည်။ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ဘုတလင်မြို့နယ်၊ စီပါရွာကို စစ်ကောင်စီတပ်မှ ဝင်ရောက် စီးနင်းခဲ့ပြီး ဒေသခံပြည်သူ ၆ ဦးအား ခန္ဓာကိုယ် အစိတ်အပိုင်းများကို ဖြတ်တောက်ကာ ရက်စက်စွာ သတ်ဖြတ်ခဲ့သည်။ အရပ်သား ပြည်သူများကိုပါ တိုက်ခိုက်ရန်၊ လက်တုန့်ပြန်ရန် ရေးသားခဲ့သည့် စစ်ကောင်စီ ဝါဒဖြန့်သူများက အဆိုပါ လုပ်ရပ်များကို ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့များမှ ပြုလုပ်ခဲ့သည့် လုပ်ရပ်များဖြစ်ကြောင်း မမှန်ကန်သည့် အချက် အလက်များဖြင့် ဝါဒဖြန့်ခဲ့သည်။

ယခုလတွင် စစ်ကောင်စီ အဖွဲ့ဝင်များ၊ စစ်ကောင်စီ ဝန်ကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်ကောင်စီ အဖွဲ့ဝင်များ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ၊ နိုင်ငံတကာ အစည်းအဝေး တက်ရောက်မှုများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ သံတမာန်များနှင့် တွေ့ဆုံမှုများကို ရေးသားမှုများ မြင့်တက်လာခဲ့သည်။ ထို့အပြင် စစ်ကောင်စီ၏ သန်းခေါင်စာရင်း ကောက်ယူမှု အခြေအနေများနှင့် ပတ်သက်သည့် ရေးသားမှုများကို တွေ့ရသည်။ စစ်ကောင်စီ ဝါဒဖြန့်သူများမှ စစ်ကောင်စီ အနေဖြင့် နိုင်ငံတကာမှ တရားဝင်မှု ရရှိနေကြောင်း ပုံဖော်ရေးသား ဝါဒဖြန့်ခဲ့သည်။

စစ်ရေး ရှုံးနိမ့်မှုများကို ဖုံးကွယ်ရန်နှင့် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ၊ ထောက်ခံသူများ စိတ်ဓာတ် တက်ကြွစေရန် တော်လှန်ရေး တပ်ဖွဲ့များ၏ ခေါင်းဆောင်များကို ထိခိုက်ကျဆုံးကြောင်း၊ လေကြောင်း တိုက်ခိုက်မှုများအတွင်း တော်လှန်ရေး တပ်ဖွဲ့ဝင်များ အင်အား ရာနှင့်ချီ ထိခိုက်ကျဆုံးမှု များပြားကြောင်း ခိုင်မာမှု မရှိသည့် အချက်အလက်များဖြင့် ရေးသားမှုများကို အများဆုံးတွေ့ရသည်။

အောက်တိုဘာလတွင် စစ်ကောင်စီ ဘက်တော်သားများ၏ ဝါဒဖြန့်မှုများနှင့် ပတ်သက်၍ စိတ်ဝင်စားမှု မြင့်တက် ခဲ့သည်ကို တွေ့ရသည်။